# ဘာသာစကားထိတွေ့မှု(Language contact)ကြောင့် မြန်မာဘာသာစကားတွင်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများ(လူမှုဘာသာဗေဒအမြင်)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မနန်းဝေစံ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်း၏အမည်မှာ "ဘာသာစကားထိတွေ့မှုကြောင့် မြန်မာဘာသာစကားတွင် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများ" ဟူ၍ဖြစ်ပါသည်။ ဤကျမ်းတွင် မြန်မာဘာသာစကားနှင့် တိုင်းရင်း၊ တိုင်းခြားဘာသာစကားများသည် မည်သည့်အချိန်တွင် မည်သို့သောအကြောင်းရင်းများကြောင့် ထိတွေ့ခဲ့ကြပြီး ထိုသို့ထိတွေ့ခြင်းဖြင့် မြန်မာဘာသာစကားတွင်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကို လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာရာတွင် ဘာသာဗေဒပညာ၏ ပညာရပ်ခွဲတစ်ခုဖြစ်သော လူမှုဘာသာဗေဒပညာရပ်နယ်ပယ်ကို အခြေခံ၍လေ့လာပါသည်။ လေ့လာရာ၌ မြန်မာတို့၏လူမှုပတ်ဝန်းကျင် နယ်ပယ်အသီးသီးတွင် အသုံးပြုပြောဆို ရေးသားလျက်ရှိသည့် မြန်မာစကားလုံးစစ်စစ် မဟုတ်သော တိုင်းရင်း၊ တိုင်းခြားဘာသာစကားများမှ စကားလုံးများကို အခြေခံ၍ လေ့လာပါသည်။ ထိုစကားလုံးများကို လေ့လာတင်ပြရာတွင် လူမှုဘာသာဗေဒပညာရပ်၏ သဘောတရားတစ်ခုဖြစ်သော ဘာသာစကားထိတွေ့မှု ဖြစ်ပေါ်စေသော အကြောင်းရင်းများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ထိတွေ့မှုပုံစံ (၆)မျိုးပေါ်မူတည်၍ စကားလုံးများနှင့် သာဓကပြ၍ ဖော်ထုတ်တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ထိတွေ့မှုပုံစံများကို ခေါင်းစဉ်ငယ်များခွဲ၍ အသေးစိတ် လေ့လာတင်ပြထားပါသည်။ ဤသို့ဘာသာစကားများထိတွေ့မှုကြောင့် မြန်မာဘာသာစကားတွင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ရာ၌ စကားလုံးဝေါဟာရအသစ်များဖြစ်ပေါ်လာခြင်း၊ အနက်အဓိပ္ပာယ် အသစ်များတိုးပွားလာခြင်းသည် မြန်မာဘာသာစကားဖွံ့ဖြိုးတိုးတက်ရေးအတွက်ကောင်းသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ တိုင်းခြားဘာသာစကားမှ စကားလုံးများ၊ စကားသံများ အမြားအပြားဝင်ရောက်လာခြင်းဖြင့် မြန်မာဘာသာစကားတွင် အနက်အဓိပ္ပာယ်ပြည့်ဝ၍ နှစ်သက်ဖွယ် ကောင်းသော ရှိပြီးသားမြန်မာစကားလုံးများ ပျောက်ကွယ်သွားခြင်းနှင့် မြန်မာစကားသံများ တိမ်ကော ပျောက်ပျက်သွားနိုင်သော ဆိုးကျိုးများရှိသည်ကိုလည်း သတိပြုဖွယ်လေ့လာတင်ပြထားပါသည်။